ပါစကားပဋ္ဌမတနင်္ဂနွေနေ့ မေလ ၇ ရက် ၂၀၂၃

လမ်းမရှိရင် သွားစရာလဲမရှိ၊ အမှန်တရားမရှိရင် သိစရာလဲမရှိ အသက်မရှိရင် ရှင်စရာလဲမရှိဘူးလို့ ပညာရှိ သောမတ်အာကမ်းပစ် ဆိုတဲ့ပုဂ္ဂိုလ် ပြောဘူးပါတယ်။

တပည့်တော်ကြီးသောမတ်ရဲ့မေးခွန်းကို ပြန်ဖြေပြီး သခင်ဘုရားက ငါသည်လမ်းဖြစ်၏။ သမ္မာတရားဖြစ်၏။ အသက်လည်းဖြစ်၏။ ဆိုပြီး ခရစ်တော်ဘုရားရှင် ကြွေးကြော်ကြေညာပါတယ်။ ဆန္ဒရှိရင်နည်းလမ်းလည်းရှိပါတယ် ဆိုတာကိုလည်း သတိရစေပါတယ်။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က သခင်ဘုရားမိန့်ခဲ့ပါတယ်။ ငါသည်တံခါး၀ ဖြစ်၏။ ဒီအပတ်ကျတော့ ငါသည်လမ်းဖြစ်၏။ သမ္မာတရားဖြစ်၏။ အသက်လည်းဖြစ်၏ ဆိုပြီး မိန့်တော်မူပါတယ်။ ဒါဆိုရင် ဘယ်လိုနဲ့ ဘာဖြစ်လို့ သခင်ဘုရားက ငါသည်လမ်းဖြစ်၏။ သမ္မာတရားဖြစ်၏။ အသက်လည်းဖြစ်၏ လို့ဆိုရတာလဲ။ ရှင်ယောဟန်ဧ၀ံဂေလိကျမ်း ၁၄း၁–၁၂ ကိုဖတ်ကြားကြပါတယ်။

တပည်တော်ကြီးတွေအတွက် စိတ်ပျက်အားငယ်ခြင်း၊ စိုးရိမ်ကြောင့်ကြခြင်းကို ဖြစ်ပေါ်စေပါတယ်။ ဘာဖြစ်လဲဆိုရင် ခရစ်တော်ဟာ တပည့်တော်ကြီးတွေဆီကနေ ခွဲခွာခါနီး ပြောဆိုခဲ့တဲ့စကားဖြစ်လို့ဘဲ– ဖြစ်ပါတယ်။ ခရစ်တော်ဟာ မိမိရဲ့ခွဲခွါရတော့မည့်အကြောင်းကို တပည့်တော်ကြီးများအား ပြောပြခြင်းအါးဖြင့် တပည့်တော်ကြီးတွေထဲ တဦးက သူ့ကိုငြင်းပယ်မယ်ဆိုတာ၊ သံပေတြူးလဲကိုယ်တော်ကို ၃ ကြိမ် ၃ခါငြင်းမယ်ဆိုတာကို ကြိုပြီးသိရှိထားတယ် ဆိုတာကို ပေါ်လွင်စေပါတယ်။ နောက်ဆုံးတော့ သူ့ရဲ့ဒုက္ခဝေဒနာခံထမ်းခြင်း၊ သေခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်းတွေ အဆင့်ဆင့် ကျော်ဖြတ်ခဲ့တာကိုတွေ့ရပါတယ်။

ဒီကျမ်းပိုဒ်အားဖြင့် လမ်းခရီး၊ သမ္မာတရား၊ အသက် ရဲ့အဓိပ္ပာယ်ကို သိလိုတဲ့ သောမတ်ရဲ့မေးခွန်းကို ပြန်လည်ဖြေကြားရင်းနဲ့ သခင်ဘုရား မိမိရဲ့တပည့်တော်ကြီးများကို အားပေး ကူညီ ဖေးမခြင်းဘဲ ဖြစ်ပါတယ်။

တကယ်တော့ ခရစ်တော်က မိမိဟာ လမ်းခရီး၊ သမ္မာတရား၊ အသက် ဖြစ်တယ် ဆိုတာနဲ့ပတ်သက်ပြီး ကျွန်ုပ်တို့ဘယ်လိုနားလည်ရမှာလဲ။

၁– ခရစ်တော်ဟာ အမှန်တရားနဲ့ အသက်ဆီကို ညွှန်ပြသောလမ်းဖြစ်တယ်

၂– ခရစ်တော်ကိုယ်တိုင်ကိုက အမှန်တရားနဲ့ အသက်ဖြစ်လို့ သူဟာလမ်းခရီးဖြစ်ပါတယ်။

သမ္မာတရားနဲ့အသက်ဆီကို ညွှန်ပြတဲ့ လမ်းခရီးအဖြစ် သခင်ဘုရားကိုမျှော်ကြည့်ကြပါစို့။

သောမတ်    သခင်၊ ကိုယ်တော်ဘယ်ဆီကိုကြွသွားမယ်ဆိုတာကို တပည့်တော်တို့မသိပါ။ ဒီနေရာမှာ တပည့်တော်တို့ ဆိုပြီး အများကိန်းကိုသုံးထားတယ်။ လမ်းဆိုတာကို မသိတဲ့ တပည့်တော်တို့အားလုံးကိုယ်စား မေးခွန်းမေးပေးတယ်ဆိုတဲ့သဘော သက်ရောက်တယ်။ ဘယ်လိုဘယ်ပုံ ကျွန်ုပ်တို့တွေ လမ်း ဆိုတာကို သိနိုင်မှာလဲတဲ့။ ဘာဖြစ်လို့သူတို့တွေ လမ်းကိုမသိကြတာလဲ။ ဘာလို့လဲဆိုတော့ သူတို့ရဲ့နှလုံးသားတွေ စိုးရိမ်ပူပန်မှုတွေနဲ့ ပြည့်ဝနေလို့ဘဲ ဖြစ်ပါတယ်။ သခင်ဘုရားက သူတို့ဆီကနေ ခွဲခွာသွားမယ် ဆိုတဲ့အကြောင်း သူတို့ကိုအသိပေးလို့။ တနည်းအားဖြင့် သူတို့ဟာ ကိုယ်တော်၌ယုံကြည်ခြင်းမရှိလို့ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်၌ယုံကြည်ပါ၊ ငါ့ကိုလဲယုံကြည်ပါ ဆိုပြီးသူတို့ကိုမိန့်ဆိုခဲ့တယ်။

ကိုယ်တော်ကိုယုံကြည်သက်ဝင်အားကိုးမှုမရှိဘူးဆိုရင် တပည့်တော်ကြီးများအနေနဲ့ လမ်းကြောင်းလွဲနေမှာဖြစ်ပါတယ်။ ယုံကြည်ခြင်းဆိုတာ ကျွန်ုပ်တို့ကို အမှန်တရားနဲ့အစဉ်ထာဝရအသက်ဆီကို ဦးဆောင်နေတဲ့ သခင်ဘုရားဆီကိုရောက်ရှိဘို့အတွက်လမ်းပေါ်မှာ အရေးပါတဲ့အရာဖြစ်တယ်။

ခရစ်ယာန်ဘာသာဝင် ဘုရားသားသမီးများအနေနဲ့ ဘုရား၌ယုံကြည်ကိုးစားပြီး ပညတ်တော်ရှိသည့်အတိုင်းနှင့် သခင်ဘုရားရဲ့သင်ကြားမှုအတိုင်း ကျင့်ကြံနေထိုင်ခြင်းသည် မှန်သောလမ်းပေါ်မှာ ကျွန်ုပ်တို့ရှိနေပြီး ဒီလမ်းကလည်း

ကျွန်ုပ်တို့ကို အမှန်တရားနဲ့အစဉ်ထာဝရအသက်ကို လမ်းညွှန်ခေါ်ဆောင်သွားတဲ့ ခရစ်တော်သာလျှင်ဖြစ်တယ်ဆိုတာ ကျွန်ုပ်တို့သိရပါတယ်။

လမ်းခရီးဖြစ်တော်မူသော ခရစ်တော်ဘုရားဟာ ကျွန်ုပ်တို့ဘုရားဆီရောက်ရှိဘို့အတွက် အထူးသဖြင့်ကယ်တင်ခြင်းကို ရရှိဘို့အတွက်လမ်းညွှန်ဦးဆောင်သွားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အစဉ်ထာဝရအသက်တာမှာ ကျွန်ုပ်တို့နေရာရရှိဘို့အတွက်ဖြစ်ပါတယ်။ လူတိုင်းလူတိုင်းအတွက် လုံလောက်တဲ့နေစရာ (အခန်း) ရှိပါတယ်။ ကောင်းကင်နိုင်ငံတော်မှာ ကျွန်ုပ်တို့အတွက်နေစရာကို ပြင်ဆင်ပေးဘို့အတွက် သွားနှင့်ပါတယ်။ ကိုယ်တော်ဟာ ကျွန်ုပ်တို့ကိုကယ်တင်ရုံမဟုတ်ဘဲနဲ့ ကျွန်ုပ်တို့အသီးသီးနေရာရဘို့ ကိုယ်တော်ပြင်ဆင်ပေးပါတယ်။

သခင်ဘုရားက လမ်းဖြစ်တယ်၊ သမ္မာတရားဖြစ်တယ်၊ အသက်လဲဖြစ်တယ် ဆိုတဲ့နောက်အဓိပ္ပာယ်က သခင်ဘုရားကိုယ်တိုင်ကိုက သမ္မာတရားနဲ့အသက်ဖြစ်တယ်။

ဖိလစ်ပူးက သခင်ဘုရားကိုမေးတယ်။ ကိုယ်တော်-အဖဘုရားသခင်ကို ကျွန်ုပ်တို့အား မြင်စေတော်မူပါ။ ထိုသို့ဆိုလျှင်ကျွန်ုပ်တို့နှစ်သိမ့်ခြင်းကိုရရှိမည်ဖြစ်ပါသည်။

ဒီမေးခွန်းအပေါ်အခြေခံပြီး သခင်ဘုရားက တပည့်တော်ကြီးများကို သင်ကြားဘို့အတွက် အခွင့်အရေးဖြစ်ပါတယ်။

ဒါဟာ သူ့ရဲ့ဖခင်နဲ့သူကိုယ်တိုင် ဆက်သွယ်ဆက်ဆံမှုဖြစ်ပါတယ်။ ဒီ့အပြင် ဒါကျမ်းပိုဒ်မှာပါရှိတဲ့ ခရစ်တော်ရဲ့ ရှင်းပြပြောဆိုမှုဟာ မိမိကိုယ်တိုင်က ကြားဝင်ဖြန်ဖြေပေးသူ၊ ကူသသူ၊ ဖုံးကွယ်နေတဲ့အရာများကိုဖော်ပြသူ၊ သူကိုယ်တိုင်ကလဲ ကယ်တင်ရှင်ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်ပါတယ်။

ဗသာမတ်ကို ပြန်လည်ဖြေကြားခြင်းဟာ ဘာကိုပြညွှန်သလဲဆိုရင် ခရစ်တော်၌ယုံကြည်ကိုးစားခြင်းဟာ ဘုရားကိုယုံကြည်ကိုးစားခြင်းဖြစ်ပါတယ်။ ပုဂ္ဂိုလ်နှစ်ဦးဟာ သီးခြားစီဖြစ်သော်ငြားလည်း ပြည့်ဝစုံလင်သော ဆက်နွယ်မှု ဆက်ဆံမှုရှိကြတယ်ဆိုတာကို ပြညွှန်ပါတယ်။

ဘာကိုဆိုလိုသလဲဆိုရင် ခရစ်တော်ဘုရားဟာ လမ်းခရီးသာမက သူကိုယ်တိုင်ကိုက အမှန်တရားနဲ့အသက်ဖြစ်တယ် ဆိုတာကို ပြညွှန်ပါတယ်။

သင်ခန်းစာ–

ခရစ်တော် ကျွန်ုပ်တို့အတွက် နေရာကိုပြင်ဆင်ပေးဘို့ ဂတိပြုတယ်။ ကျွန်ုပ်တို့တဦးစီ ကိုယ်တော်ကို ယုံကြည်ကိုးစားရမှာဖြစ်ပါတယ်။ ဘုရားရှင်ကိုယ်တော်တိုင် ကျွန်ုပ်တို့ကို သမ္မာတရားဆီ ဦးဆောင်ပေးပါတယ်။ သူကိုယ်တိုင်ကလဲ သမ္မာတရားနဲ့အသက်ဖြစ်တယ် ဆိုတာကို ကျွန်ုပ်တို့သိရှိရပါတယ်။

ခရစ်တော်ဟာ ကြားဝင်ဖြန်ဖြေသူ၊ ခရစ်တော်ဟာ ဖုံးကွယ်နေသောအရာများကို ဖော်ပြသူ၊ ခရစ်တော်ဟာ လူသားတို့ရဲ့ကယ်တင်ရှင်ဖြစ်ကြောင်း ကျွန်ုပ်တို့ကို သိစေပါတယ်။

Fifth Sunday of Easter May 7 2023 in Burmese